# အိုကြောကျွေး

ဖိုးဖိုးကိုယ်ကို ပြန်လည်တွေး ရှိခြင်းနှင့်
အခြား ဟာသ ဝတ္ထုတိုများ



မောင်မောင်ညွက်

******

## **အီကြာကွေး**

## **(၁၉၃၈- )**

၁၉၃၈ ခုနှစ်တွင် ဓနုဖြူမြို့၊ မင်းပိုင်းရပ်၌ မွေးဖွားသည်။ အဖဦးမောင်နှစ်၊ အမိဒေါ်ညွန့်မေ တို့၏ တစ်ဦးတည်းသောသား ဖြစ်သည်။ အမည်ရင်းမှာ ကိုကျော်ထွန်းဖြစ်၍ မူလကလောင်အမည် (ဓနုဖြူ) ကျော်ထွန်းဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလတွင် စာစရေး၍ ယနေ့အထိ စဉ်ဆက် မ ပြတ် ရေးလာရာ စာရေးသက်အနှစ်(၅၀)ရှိခဲ့ပြီဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် အီကြာကွေး ကလောင် အမည်ကို ထပ်ပွားသည်။

ဓနုဖြူအစိုးရ အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၃-၅၄ တွင် ဓနုဖြူပြည်ထောင်စု လူငယ်အဖွဲ့တွင် ပညာရေးမှူးနှင့် စာကြည့်တိုက်မှူး၊ ၁၉၅၅ ခုနှစ်တွင် စာပေဝါသနာရှင်များအသင်း (ဓနုဖြူ)၏ စာပေတာဝန်မှူး နှင့် စာကြည့်တိုက်မှူး တာဝန်ယူ၍ မှန်တိုင်းစာစောင် အမှတ်(၁) နှင့် အမှတ်(၂) တို့ကို ထုတ်ဝေခဲ့သည်။ ၁၉၅၇ ခုနှစ် တွင် ဓနုဖြူကဗျာ ဆရာအသင်းကို တိုးချဲ့ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၈ ခုနှစ် တွင် ပြည်သူ့လူငယ် အဖွဲ့ (ဓနုဖြူ)တွင် ဥက္ကဋ္ဌ နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ကရက်(ဓနုဖြူ) တွင် အ ဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မှ စရေးဆရာကြီးများအား ဖိတ်ကြား၍ စာဆို တော်နေ့ စာပေဟောပြောပွဲကို မျိုးစေ့ချပေးခဲ့ခြင်းဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် တောင်ဥက္ကလာ ကဗျာ့ကလပ်စည်း၏ ဥက္ကဋ္ဌအဖြစ်

တာဝန်ယူ၍ ပစ္စက္ခ ကဗျာ များနှင့် ပွဲတင်သံကဗျာများ စုပေါင်းကဗျာစာအုပ် နှစ်အုပ်ထုတ်ခဲ့သည်။ အိကြာကွေးအ မည်ဖြင့် ရေးခဲ့သော (နောက်တစ်ခါမေးရင် ပြောလိုက်မယ်) ဝတ္ထုတိုကို ရုရှဘာသာသို့ ပြန်ဆိုခြင်း ခံခဲ့ရသည်။

(ဓနုဖြူ) ကျော်ထွန်းအမည်ဖြင့် ကဗျာ ၁၂၀၀ ကျော်၊ ဝတ္ထုတို ၈၀ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ၃ပုဒ်နှင့် ပီမိုးနင်း၏ ဝတ္ထုတိုအတတ်ပညာစာပေ ကျမ်းတစ်ကျမ်းကို ပြုစုခဲ့သည်။ လက်သင်စကဗျာ ရှင် များအတွက် လမ်းညွှန်နည်းပြမဂ္ဂဇင်းတွင် (ကဗျာ့ပွဲခင်းသာ) ကဏ္ဍကို နှစ်ပေါင်း ၃၀ကျော် လ စဉ် မပြတ် တာဝန်ယူရေးသားခဲ့ရသည်။ ယခုအခါ သောကြာစာစောင်တွင် (ကဗျာ့ပွဲခင်းသာ) ကဏ္ဍကို ဆက်လက်ရေးသားခဲ့ရာ ၃နှစ် သက်တမ်းရှိခဲ့ပြီဖြစ်၏ ။ အိကြာကွေးအမည်ဖြင့် လုံးချင်း အုပ် ၂၀ ရေးပြီး ခဲ့၍ သောကြာစာစောင်တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက် လျက်ရှိသည်။

******

# ဒီဆိုင်ပဲ တည်တော့မယ်

ဒကာဆိတ်ဈေးသွားတော့မည်ဆိုလျှင်ဂုရုကွေးနားထဲမှာ “တွေးကြည့်ပါတော့ ရင်မောစရာ ပေါ့” ဆိုသော သီချင်းသံကို ကြားရလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဒကာဆိတ်ကို နေ့စဉ် ပေးနေရသော ဈေးဖိုးမှာ တစ်နေ့တခြား များများလာသောကြောင့်တည်း။

“ဂုရုကြီး…တတ်နိုင်သလောက် ပိုပိုမိုမိုစို့စို့ပို့ပို့လေး ပေးလိုက်ပါဗျာ။ ဝယ်ရခြမ်းရတာ ဦး နှောက် စားလွန်းလို့”

သူ့ဟာသူ ဦးနှောက်စားရုံမကလို့ ခေါင်းခွံကြီးပါ စွတ်ပြုတ်လုပ်သောက်သောက်၊ စာရေး စားသော စာရေးဆရာတစ်ယောက်အနေဖြင့် သည့်ထက်ပို၍ မပေးနိုင်။ ယခုပေးရသည်မှာပင် တ ခြား လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး၊ မုန့်ဟင်းခါးဖိုးများကို ခြိုးခြံချွေတာကာ ဈေးဖိုးတစ်မျိုးတည်းသို့ ပေါင်းထည့်ပေးနေရခြင်းဖြစ်သည်။

“ငါကလည်း မီလျံနာမဟုတ်တဲ့ ဘိုင်လျံနာဆိုတော့ ဒီဈေးဖိုးနဲ့တော့ ခက်သေးတယ်။ ငါ တတ်နိုင်သလောက် ကိုးဆယ်တန်တစ်ရွက်ပေးထားပြီပဲ။ မလောက်ဘူးလား”

“လုံးဝမလောက်ပါဘူး ဂုရုကြီး။ ညှော်မထဆန်ဟောင်း ခပ်ညံ့ညံ့တောင် တစ်ပြည် ၆၅၊ နှစ် ရက်စာအတွက် နို့ဆီဘူးလေးလုံး ဝယ်ရမယ်။ ဆန်အရင်ဝယ်ပြီးမှ ပိုတဲ့ ပိုက်ဆံနဲ့ ဟင်းဖြစ်အောင် ကြည့်စီ စဉ်ရမှာ။ ဒီထဲ မီးသွေးကလည်း ကုန်နေပြီ”

“ဟော့ကောင်…တော်..တော်..တော်..တော်”

“ဈေးဖိုးကလေးများ ပိုပေးမလားမှတ်ပါတယ်။ ဂုရုကြီးက အရေးထဲမှ တတော်တော်နဲ့ ခရာ တွတ်နေတာကိုး။ သွားတော့မယ်”

ဒကာဆိတ် ဈေးသွားနေစဉ် စဉ်းစားမိသည်မှာ ဟောလစ်အကြောင်း

မဟုတ်၊ ဆန်အ ကြောင်း။ ဂုရုကွေးတို့လို ရရစားစား၊ ဝါးဝါးမျိုမျို၊ စိုတစ်ခါ ခြောက်တစ်လှည့်၊ ဖွတ်ကျားများ ဖတ်သီ ဖတ်သီ ဖြစ်နေ ရခြင်း၏ အဓိကအကြောင်းရင်းခံမှာ ဆလိမ်နသတ် ဆန်။ ဘယ့်နှယ်များ.. လက်ကျွဲပခုံးထအောင် ဘောလ်ပင်ထိပ်ဖျားမှ မီးဟုန်းဟုန်းထွက်အောင် အဆက်မပြတ်ရေးနေရသည်။ ရလာသော စာမူခများ မှာ မောင်မင်းကြီးသား ဆလန်နသတ်ကို ပူဇော်ပသ ရသည်နှင့် ကုန်ရ သည်။

"ဟိုက်..ရှာလပတ်ရည်၊ တစ်ယောက်တည်း ငေါင်ပြီး ဘာတွေ စဉ်းစားနေတာလဲ"

ဟာကြူလီငပျော့ ရောက်လာသည်။ ထုံစံအတိုင်း ခနဲ့တဲ့တဲ့ ပြောသည်။

"ထမင်းရောင်းနေတဲ့ မင်းကြီးတော် အပျိုကြီးကို ယူရကောင်းမလား စဉ်းစားနေတာ၊ ဘယ့် နှယ်လဲ"

"ဘယ့်နှယ်မှမလဲဘူး။ လုပ်လိုက်လေ ကြာသလားလို့။ ဂုရုကြီးက အစားကကြီးကြီး၊ ကျွန် တော့်ကြီးတော်ကြီးကအဆဲကကြမ်းကြမ်း၊ ထမင်းစားချိန်တိုင်း ရန်ပွဲကြီးတွေ တဗြိမ်းဗြိမ်းဖြစ်ကြမှာ မြင် ယောင်သေးတော့"

"ဟုတ်တယ်ကွာ၊ မင်းကြီးတော်ကြီးယူရင် နေ့စဉ်အဆဲခံရတာ နဲ့ ငါလည်း ဂုရုကွေးကနေ ဂုရု ခွေးဖြစ်မှာ သေချာတယ်"

ဂုရုကွေး၏ မြေကွက်မှာ ပေလေးဆယ်၊ ပေခြောက်ဆယ် ဖြစ်သည်။ အိမ်ကလေးက သုံးပင် နှစ်ခန်း၊ တစ်ထပ်အိမ် သေးသေးပုပုလေး။ မြေတွေအများကြီးပိုနေသည်။ ပိုသောမြေနေရာတွင် ချဉ်ပေါင်လက်ခြားပင်တွေ အလေ့ကျပေါက်နေသည်။

"ရှေးလူကြီးတွေဟာ အမြော်အမြင်ကြီးတယ်နော်။ နောင်လာနောင်သားတွေ အတွက် အဖိုးတန် ဆုံးမစကားတွေ ထားရစ်ခဲ့ကြတယ်။ စီးပွားရေးအတွက် အိမ်နောက်ဖေး ဈေးဆိုင်တည်ရ မယ်တဲ့"

ငပျော့ဆိုတဲ့ကောင်က အင်မတန်မှ ဒုံးဝေးတဲ့ကောင်။ တင်စား၍ ပြောသော စကားကို တည့် တိုး ယူသည်။

"သွားစမ်းပါဗျာ၊ အိမ်နောက်ဖေး ဈေးဆိုင်တည်မှတော့ ဘယ်သူက လာဝယ်မှာလဲ။ မိလ္လာ လမ်း မျက်နှာပြုထားရတာ ပလတ်စတစ်ကောက်တဲ့ချာတိတ်တွေပဲ ရှိမယ်"

"ဟဲ့...ရှေးလူကြီးတွေက တင်စားပြောခဲ့တာကွ။ မြေလွတ်ရှိရင် ဒီတိုင်းမထားနဲ့။ အိမ်စရိတ် ကာ မိအောင် စားပင်သီးပင်တစ်ခုခုစိုက်လို့ အကြံပေးခဲ့တာ သဘောပေါက်ပလား"

"ဟုတ်ပြီဗျို့...ကျွန်တော်ဆိုတဲ့ကောင်က တည့်တည့်ပြောမှပဲ သဘောပေါက်တော့တယ်။ ကျွန်တော်တို့ မြေကွက်မှာလည်း မြေပိုတွေရှိတယ်။ ဘူးပင် စိုက်မယ်ဗျာ"

"ကောင်းတယ်..ကောင်းတယ်"

"ဂုရုကြီးကော ဘာပင်စိုက်မလဲ"

"တစ်ပင်ပင်တော့ စိုက်ရမှာပေါ့။ ခုတော့ စဉ်းစားတုန်းပဲ"

ငပျော့မြေကွက်တွင် ဘူးပင်ကလေးတွေ ဖြစ်ထွန်းစပြုလာသည်။ ဘူးညွှန့် ဘူးနွယ်ကလေး တွေ စင်ပေါ်သို့နွယ်တက်နေကြပြီ။ စတင်အကြံပြုသော ဂုရုကွေးကား ယခုအထိ ဘာပင်မှ မစိုက်ဖြစ်သေး။

"ဘယ်လိုလဲ ဂုရုကြီး...ချွန်ပေးပြီး ခင်ဗျားက ခုထက်ထိ ဘာမှလည်း မစိုက်သေးပါလား။ ဘူးသီးမှ အရီးလာမတော်နဲ့၊ အခါတစ်သိန်း ဆောရီးပဲ"

"စိုက်မှာပါ၊ စိုက်မှာပါ။ လိုအပ်တာကလေးတွေ စုနေတယ်။ နေ့ကောင်းရက်သာ ရွေးနေတယ်"

မနက်ဖန် စ စိုက်မည်ဟု ရက်ချိန်းပေးသဖြင့် ငပျော့ အစောကြီး

ရောက်လာသည်။ အိမ်ပေါ် မှာ ဂုရုကွေးကော ဒကာဆိတ်ပါ မရှိ။

ခြံထဲကြည့်လိုက်တော့ အံ့သြလွန်းသဖြင့် ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ ဟိုက်.. ရှာလပတ်ရည်ပင် မအောင့်နိုင်။

"ယမထာ ရွှေကြိမ်လုံးရယ်နဲ့..ထွန်းတုံးကိုတဲ့ ခြေတော်တင်..ဟင်..ဟင်..ဆိတ်ကြွန်စုံရှင်"

"ပဲ ဟဲ ဟဲ ဟဲ"

ထွန်တုံးသေးသေးလေးရှေ့က ဆွဲနေသော ဒတကာဆိတ်က ဆိတ်သံဖြင့် အော်သည်။ င ပျော့မှာ သဘောကျလွန်းသဖြင့် အူလှိုက်သည်းလှိုက် အော်ကြီးဟစ်ကျယ်ရယ်တော့သည်။

"ဟား ဟား ဟား ဟား ဟီး ဟီး ဟီး ဟီး ဟူး ဟူး ဟူး ဟူး ဟိုး ဟိုး ဟိုး ဟိုး ခင်ဗျားတို့ပဲ ကြံကြံဖန်ဖန်"

ဂုရုကွေးက ဂုရုမျက်စောင်းဖြင့် နောက်လှည့်ထိုးပြီး-

"တောင်ဥက္ကလာဆိုတာ မူလက လယ်ကွက်တွေက။ မြေဆီသြဇာကောင်းပြီးသား၊ စိုက် ကျင့် ပျိုးကျင့်ရှိပြီးသား။ ထမင်းချက်ကာနီး စပါးလုံးရွေးပြီး လွှင့်ပစ်လိုက်တာနဲ့ အလွယ်တကူ ထ ပေါက်တယ်။ တို့မှာ အဝီစိတွင်းကလည်းရှိနေတော့ ရေအတွက် မပူရဘူး။ အိမ်နောက်ဖေး ဈေး ဆိုင်တည် ရရင် ဆန်ဆိုင်တည်တာ အကောင်းဆုံးပဲလို့ အဖြေရလာတယ်။ အိမ်စရိတ်အတွက် ဆန်ဖိုးခုမိ မယ်မဟုတ်လား။ အို...ဘာတဲ့တုန်း။ ယမထာ ရွှေဘကိမ်လုံးရယ်နဲ့..ထွန်တုံးကိုတဲ့ ခြေ တော်တင် ဟင် ဟင်..ဆိတ်ကြွန်စုံရှင် ပဲ ဟဲ ဟဲ ဟဲ"

**ခနမဂ္ဂဇင်း**

**မတ်လ၊ ၁၉၉၆**

******

## စူပါကြွေးသမား

လူအတော်များများ ပွေး ကင်းကောင် ကင်းမည်။ ကြွေးကင်းလိမ့်မည်တော့မဟုတ်။ ရောင်း ရင်း ဝယ်ရင်း တင်နေသောကြွေးများ၊ စားရင်းသောက်ရင်း တင်နေသော ကြွေးများ၊ ချေးရင်းငှား ရင်း တင်နေသောကြွေးများ၊ (နောက်ဆုံး) ပေါင်ရင်း နှံရင်း တင်နေသော ကြွေးများအထိ အကြွေး မျိုးစုံ ရှိကြမည်မှာ မြေကြီးလက်ခတ်မလွဲ။

"ဂုရုကြီး...ပဲပြုတ်ကြွေးတွေ များနေပြီနော်၊ ရှင်းဦး။ နက်ဖြန် ရှင်းရင်ရှင်း မရှင်းရင် နောက် ထပ် ထပ်မပေးတော့ဘူး။ တစ်နေ့ရောင်း၊ တစ်နေ့ရင်း လည်ပတ်နေရတာ ။ သုံးရက်ကြီးများတိတိ ကြွေးယူစားထားတော့ ကျွန်မက ဘယ်လိုလုပ်ပြီး ရှင်းရမှာလဲ။ ပဲဝယ်ရတဲ့ ကုန်စုံဆိုင်ရှင်က ကိုယ့် လင်ဆို ရင်လည်း ကောင်းသား"

ဟိုက်... ရှာလပတ်ရေ.. ကြွေးတောင်းရင်းမှ ဒေါသဒီဂရီတွေ တက်လာပါရောလား။ စကား လုံး အသုံးအနှုန်းတွေ ကြမ်းလာသည်။ ယခင့် ယခင်က မိတ်ဟောင်း ဆွေဟောင်းကြီးဖြစ်သော ဒေါ်ဥ တို့နှင့် ကွာပါဘိခြင်း။ ဒေါ်ဥကမရှိသေးလျှင် တစ်ပတ်လောက်အထိ အကြွေးထားပေးသည်။ ယခု ပဲပြုတ်သည်ကား အလွန်ငယ်လှသော ပဲပြုတ်မျိုးဆက်သစ် ဖြစ်သည်။ အရွယ်နှင့် မလိုက် အောင် ပါးစပ် ကြမ်းသည်။

"စိတ်ချ..စိတ်ချ၊ မနက်ဖြန် ကျိန်းသေရ ရစေ့မယ်။ နာမည်တစ်လုံးနဲ့နေတာတောင် မဟုတ် ဘူး။ နာမည်သုံးလုံးနဲ့နေတာ။ ဂုရုကွေးတဲ့..မှတ်ထား"

"ကျွန်မက နာမည်မမှတ်ပါဘူး။ ယူထားတဲ့အကြွေးပဲ မှတ်တာပါ"

ဟိုက်..ရှာလပတ်ရည်။ သူငယ်မက အိမ်ကအထွက်မှာ ထွက်ခတ် ခတ်ဖြစ်အောင် ခတ် သွားသေးသည်။ ထိုအကြောင်းတွေ ဟာကြူလီငပျော့ကို

ပြောပြတော့ ဒီကောင်က မဟာပြင်ညာ ယိုကြီး ပုံစံဖြင့် တွေးတွေးဆဆလုပ်၍ -

“အင်း..အကြွေးဆိုတာက ဂုရုကြီးလို ဖွတ်ကျားမပြောနဲ့။ မီလျံနာ၊ ဘီလျံနာ၊ ထရီလျံနာကြီး တွေတောင် လုပ်ငန်းသဘောအရ ဒေါ်လာသန်းပေါင်းများစွာရှိကြတာပဲ။ ရှိထားတဲ့အကြွေးကို အ ချိန်မှီ ရှင်းနိုင်ဖို့ပဲ အရေးကြီးတယ်။ မရှင်းနိုင်ရင်တော့ ပြဿနာပဲ”

ဒီတစ်ခါတော့ ခပ်တည်တည်ဖြင့် လူရိုသေ၊ ရှင်ရိုသေစကားတွေ ပြောနေသည်။ သူပြောတဲ့ အတိုင်းသာဆို ပဲပြုတ်သုံးရက်စာ ကြွေးတင်တာကိုလည်း ဂုဏ်ယူရတော့မလိုလို။

“ဘယ်လိုလဲ စာကလေး၊ ဆိုက်ကားဆွဲရတာ အဆင်ပြေရဲ့လား”

ဆိုက်ကားမာစတာ စာကလေးနှင့်ဆုံမိ၍ စူးစမ်းကြည့်တော့-

“ဆွဲရတာ အဆင်ပြေပါတယ်။ ဖွတ်ကလိဒင်္ဂါးလည်း ရတန်သလောက်ရပါရဲ့။ ဂုရုကြီးသိတဲ့ အတိုင်း ဆလိမ်နသတ်က ဈေးမြင့်နေတော့ ရသမျှ တစ်ဝက်လောက်ဟာ သူ့ ပသရတာ နဲ့ ကုန် တာ ပဲ။ ကျွန်တော့်မှာ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေဖြစ်နေရတယ်”

စာကလေးဆိုတဲ့ ဆိုက်ကားသတ္တဝါခမျာမှာလည်း ကြွေးမကင်းရှာပါလား။

“ကြွေးက တော်တော်များသလား”

“သိပ်အကြီးအကျယ်တော့မဟုတ်ပါဘူး။ စားကြွေး၊ သောက်ကြွေး၊ ဆေးလိပ်ကြွေး၊ လက် ဖက် ရည်ကြွေး၊ အကြွေးအသေးအမွှားလေးတွေ ဒလနှန့်ဖြစ်နေတယ်။ ဒီကြွေးဆပ်လိုက်၊ နောက် ကြွေး ထပ်တင်လိုက်။ လုံးလည်ချာပ်ပြား လိုက်နေတယ်”

ဒကာဆိတ်ကျတော့ တစ်မျိုး၊ ကြွေးတင်ရုံမျှမက ပွေးပါ ပေါက်နေသည်။

မုန့်ဟင်းခါးကြွေး၊ လက်ဖက်ရည်ကြွေးတွေနှင့် ဂရချေးလည်နေတုန်း ပေါင်မှာ ပွေးလာပေါက်သည်။

“ငါလည်း ကြွေးနဲ့ပဲ။ စာကလေးလည်း ကြွေးနဲ့ပဲ။ မင်းကျတော့ ကြွေးတင်မကဘူး။ ပွေးပါရှိ နေတော့ တို့ထက်သာသွားပြီ။ စူပါကြွေးသမားဘွဲ့ပေးဖို့ ကောင်းတယ်”

“ငပျော့ကော ဂုရုကြီး..သူလည်းကြွေးနဲ့ပဲလား”

“မသိဘူးကွ။ ဒီကောင်က ဘာမဆို ခပ်လျှိုလျှိုနေတတ်တဲ့ကောင်။ မီလျှံနာ၊ ဘီလျှံနာ၊ ထရီ လျှံနာကြီးတွေတောင် ကြွေးရှိတယ်လို့တော့ ပြောဖူးတာပဲ”

ငပျော့နှင့် နှစ်ယောက်သား ဆယ်ရပ်ကွက်ဈေးသွားကြစဉ် မင်းကော ကြွေးရှိသလား မေး ကြည့်တော့ ငတိက ဟဲဟဲတဲ့။ ဒါပဲလုပ်သည်။ ရှိတယ်လည်း ဝန်မခံ။ မရှိဘူးလည်း မငြင်း။

“ဟင်းရွက်တန်းကို ဒီက ဖြတ်ကြရအောင်”

“ဟို..ဟိုဘက်က သွားပါ ဂုရုကြီး”

ဟင်းရွက်တန်း ဖြတ်မယ်လုပ်တော့ ဒီကောင်က ပျာပျာသလဲ တားသည်။ အခြားလမ်းမှ သွားရန် ဂုရုကွေးကို ဆွဲခေါ်သည်။ ဇကန္တတော့ ဇကန္တပဲ။ ဟင်းရွက်သည်တစ်ယောက်ယောက်ကို ဒီကောင် ရည်းစားစာများ ပေးထားလို့လား။ ရည်းစားစကားများ လိုက်ပြောထားလို့လား။ အဆဲခံရ မည့် ပြဿနာလား၊ အတုတ်ခံရမည့် ပြဿနာလား။ ထိုသည်တို့ထက် ကြီးမားသော ပါးရိုက်ခံရ မည့်ပြဿနာလား။ ပြဿနာတစ်ခုခုတော့ ကျိန်းသေရှိနေပြီ။

“လာကွာ..ဒီက ဖြတ်ရအောင်။ ဒီက နီးတယ်”

“ဟို..ဟိုဘက်က သွားကြရအောင် ဂုရုကြီး”

ဟင်းရွက်တန်းကို ဖြတ်မည်ကြံတိုင်း တီ ဆားနှင့်တို့သလို ဒီကောင်

တထွန့်ထွန့်ဖြစ်နေ သည်။ ဘာဖြစ်လို့လဲမေးတော့လည်း မဖြေ။ ရှုးသလိုလို၊ ပေါသလိုလိုဖြင့် လျှောချပစ်သည်။ ဘာ ရယ်လို့ မဟုတ်ပါဘူးတဲ့။

တစ်နေ့ ဈေးအလာ၊ သူ့ဆန္ဒအတိုင်း ဟင်းရွက်တန်းကို ရှောင်ပြီး အထည်တန်းနားက ဖြတ်ခဲ့ သည်။ ဈေးအနောက်ပေါက် အရောက်တွင်-

"ဟဲ့..အကောင်..ဟာကြူလီငပျော့လား၊ ကြာကူရိငပျော့လား လာခဲ့စမ်း"

မိန်းမဂဂကြီးတစ်ယောက်နှင့် ပက်ပင်းတန်းတိုးသည်။

မိန်းမကြီးက ငပျော့ဘိုကေကို ဖမ်းဆွဲထား၏ ။

"ဘာဖြစ်လို့လဲဗျ"

"ဖြစ်တာကတော့ မပြောချင်ဘူး။ ဂုရုကြီးဆဲသလို ဆဲပစ်လိုက်ဖို့ကောင်းတယ်"

မိန်းမကြီးက ဘိုကေကို ဆွဲမြဲ ဆွဲထားသည်။ ငပျော့မျက်နှာက စပ်ဖြဲဖြဲ၊ လိပ်ကျော ကြောင် ကော်သလို ပြောင်ချော်ချော်။

"အကျိုးအကြောင်းလေးတော့ ပြောပါဦးဗျာ"

ထိုမိန်းမကြီး ပြောပြသည်ကို ကြားရသောအခါ ဂုရုကွေး ဟိုက်..ရှာလပတ်ရည် အော်သွား သည်။ ကွေးတင်မက ပွေးပါပေါက်နေသဖြင့် ဒကာဆိတ်ကို ပေးထားသော စူပါကွေးသမားဘွဲ့ကို ငပျော့အား ချက်ခြင်းလွှဲပြောင်းပေးလိုက်ရသည်။

"ဂုရုကြီးတပည့်လုပ်တာ ကောင်းသလား။ ငှက်ပျောသီးကို လပေး အကြွေးယူစားပြီး ရှောင် နေတယ်"

"ဘယ်လောက်ဖိုးမို့လို့လဲ"

"ငါးကျပ်ဖိုးပါ"

ခနမဂ္ဂဇင်း

ဧပြီလ၊ ၁၉၉၆

******

ပြောထားသားပဲ ကံလျှမ်းမဲ

"ဟိုက်..ရှာလပတ်ရည်၊ ဘယ်လိုဖြစ်လာပါလိမ့်"

ဂုရုကွေးတစ်ယောက် စာအုပ်ထူကြီးတစ်အုပ် ရင်ဝယ်ပိုက်၍ ကားတားကားတားဖြင့် လျှောက်လာနေသည်။ သူ့ပုံပန်းကို ကြည့်ရသည်မှာ အဖိုးတန်ပစ္စည်းတစ်ခုခုကို ရလာသူလို ပျော် ရွှင်တက်ကြွ နေသည်။

"ဟဲ့..အကောင် ငပျော့...၊ ငါ့ဘာရလာတယ်သလဲ"

စာအုပ်ထူကြီးကု ကျစ်ကျစ်ပါအောင် ပိုက်ပွေ့ထားကတည်းက ငပျော့ ရိပ်မိလိုက်ပါပြီ။

"ဒီစာအုပ်ကြီးအတွက် ဂုရုကွေး ဂုဏ်ယူနေတာပဲ"

"သိပါတယ်၊ ဘော်တယ်ဆိုင်က ပိဿချိန်ဈေးနဲ့ ရလာတဲ့ စာအုပ်စုတ်ကြီး မဟုတ်လား"

တကယ်တော့ စာအုပ်က မစုတ်ပါ။ ကတ်ထူပုံးအကျအန ဖုံးထားသည်။ စာမျက်နှာ အပြည့် အစုံပါသည်။ ဟောင်းတာတစ်ခုပဲ ပြောစရာရှိသည်။ အချို့စာရွက်များတွင် ပိုးပေါက်ကလေးတွေ ပါနေ သည်။ ဒါလောက်ပါပဲ။

"စာအုပ်အဖိုးတန်ကွ။ လျှို့ဝှက်ရှားပါးတဲ့ ဆေးနည်းမျိုးစုံပါတယ်။ ဆရာအစဉ်အဆက်က ဆေးနည်းတွေကို လက်ရေးနဲ့ ရေးကူးထည့်ထားတာ။ စာအုပ်ရဲ့ မူလပိုင်ရှင်ဟာ ဆေးဆရာကြီး လား၊ ဆေးပညာလေ့လာလိုက်စားသူလား။ တစ်ဦးဦးဖြစ်ဖို့များတယ်။ တန်ဖိုးမသိတဲ့တစ်ယောက် ယောက်က ဘော်တယ်ဆိုင် လာရောင်းသွားတာကို တန်ဖိုးသိတဲ့ငါက ပိဿချိန်ဈေးနဲ့ ပြန်ဝယ် လာခဲ့တာ"

ဂုရုကွေးသည် ထိုစာအုပ်ထူကြီးထဲမှ ဆေးနည်းမျိုးစုံအနက် "လေဆေးထိပ်ခေါင်" ဆိုတာကို သဘောကျနေသည်။

"ဒီလေဆေးကတော့ ကိုယ်တိုင်ဖော်မှပဲ ဖြစ်တော့မယ်။ ကိုယ်လည်း

သောက်၊ မင်းတို့ လည်းတိုက်၊ ရောင်းသင့်ရောင်း... လုပ်ရမှာပဲ။ အကျိုးပေးရင် ကြီးပွားနိုင်တယ်”

လေဆေးက ပေါက်သလားမမေးနှင့်။ တဘူဘူ တဒူဒူဖြင့် နန်းစတော့ မရပ်တန်းပေါက် သည်။ ငပျော့ကို တိုက်ရာ ငပျော့ တဘွတ်ဘွတ်၊ ဒကာဆိတ်ကို တိုက်ရာ ဒကာဆိတ်တဘွတ် ဘွတ်၊ စာက လေးကိုတိုက်ရာ စာကလေးကမသောက်။

“မလုပ်နဲ့ ဂုရုကြီး...ဆိုက်ကားနင်းရင်း တဘွတ်ဘွတ်ဖြစ်နေရင် ခရီးသည်တွေက ဒီဆိုက် ကား အန်စော်နီးတယ်ဆိုပြီး မစီးဘဲနေလိမ့်မယ်”

မည်သို့ပင်ဖြစ်စေ လေဆေးကောင်းတစ်မျိုးကို လက်ဝယ်ပိုင်ပိုင် ရလိုက်ပေပြီ။ ထိုဆေးကို ဖော်ရောင်းဖို့သာ လိုတော့သည်။ ဂုရုကွေး စီးပွားရေးလောကသို့ ခြေစုံပစ်ရုံမက တစ်ကိုယ်လုံး နှစ်၍ ဝင် လိုက်သည်။

******